# ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ
# အလုပ်သမားဝန်ကြီးဌာန
# အလုပ်သမားဌာနစု (၁)
# (၁၉၇၀ ခုနှစ်၊ ပြည်သူ့အလုပ်သမားကောင်စီ ဖွဲ့စည်းပုံနည်းဥပဒေများ။)
# အမိန့်ကြော်ငြာစာ
# အမှတ် ၁၆၅
# ရန်ကုန်မြို့၊ ၁၃၃၂ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၃ ရက် ။
# (၁၉၇၀ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက် ။)

အမှတ်၁၆၅။ ။ ၁၉၆၄ ခုနှစ်၊ ပြည်သူ့အလုပ်သမားများ၏ အခြေခံရပိုင်ခွင့် နှင့်တာဝန် များပြဋ္ဌာန်းသည့် ဥပဒေပုဒ်မ ၉ အရ၊ အစိုးရသည်၊ အောက်ပါနည်းဥပဒေများကို ပြဋ္ဌာန်းလိုက်သည်။

## ၁၉၇၀ ခုနှစ်၊ ပြည်သူ့အလုပ်သမားကောင်စီ ဖွဲ့စည်းပုံနည်းဥပဒေများ။

(၁၉၆၄ ခုနှစ်၊ ပြည်သူ့အလုပ်သမားကောင်စီ ဖွဲ့စည်းပုံနည်းဥပဒေများကို ၁၉၇၀ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့အထိ ပြင်ဆင်ထားသည်)။

## အခန်း ၁။
## ရည်ရွယ်ချက်။

၁။ ။ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီသည်၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ဖြင့် ဆိုရှယ်လစ် စနစ်သို့ ရှေ့ရှု၍ ချီတက်လျက်ရှိသည်။ ယင်းသို့ချီတက်ရာတွင် အလုပ်သမား နှင့်တောင်သူ လယ်သမား တို့သည် အဓိက အင်အားစုဖြစ်၍ တော်လှန်ရေးကောင်စီနှင့် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ် ပါတီသည် ၊ ဦးဆောင်လမ်းပြအဖွဲ့ဖြစ်သည်။

၂။ ။ ဆိုရှယ်လစ်စနစ်သည်၊ ကုန်ထုတ်အရင်းအနှီးနှင့် ကုန်ထုတ်ကိရိယာများကို ပြည်သူတရပ်လုံးက ပိုင်ဆိုင်၍၊ လုပ်သားတို့က ယင်းကုန်ထုတ်အရင်းအနှီးနှင့် ကုန်ထုတ်ကိရိယာများဖြင့် ကုန်ပစ္စည်းများ ထုတ်လုပ်ပြီးသကာလ ထွက်ပေါ်လာသော ကုန်ပစ္စည်းများကို ပြည်သူတို့ကိုယ်တိုင် မိမိတို့၏ ကာယ၊ ဉာဏ၊ ဝိရိယစွမ်းအားအလိုက်ခွဲဝေသုံးစွဲသည့် စနစ်ဖြစ်သည်။

၃။ လက်ရှိအခြေအနေမှာ ပုဂ္ဂလိက အမြတ်ရရှိရေးအတွက် လူလူချင်းခေါင်းပုံဖြတ်မှု မကင်းစင်သေးသည့်အခြေအနေဖြစ်ရာ၊ ဆိုရှယ်လစ်စနစ်သို့ ရှေ့ရှုချီတက်နေသော လုပ်သားအပေါင်းသည်၊ အသိအမြင် အသစ်ကို ခံယူထားရှိ၍ စည်းရုံးရေးပုံစံအသစ်ဖြင့် ဖွဲ့စည်းကာ လုပ်ငန်းစဉ်သစ်ဖြင့် လုပ်ကိုင်သွားရန်လို သည်။ အထူးသဖြင့်အသိအမြင်သစ်နှင့်ပတ်သက်၍ လက်ရှိတည်ရှိနေသော အမြင်များကို အောက်ပါအတိုင်း အခြေခံအားဖြင့် ပြောင်းလဲရန်လိုသည်-

Myanmar Law Information System (MLIS)

(က) ကုန်ထုတ်အရင်းအနှီးနှင့် ကုန်ထုတ်ကိရိယာများသည် ၊လုပ်သားများအပါအဝင် ပြည်သူတရပ်လုံး ပိုင်ဆိုင်ရမည်ဖြစ်သဖြင့် လုပ်သားများသည်၊ အခကြေးငွေရယူသည့်သူများသာမက ကုန်ထုတ်အရင်း အနှီးနှင့် ကုန်ထုတ်ကိရိယာများကိုပိုင်ဆိုင်သူလည်းဖြစ်သည်ဟူသောအမြင်သစ်။

(ခ) လုပ်သားအားလုံးတို့ထုတ်လုပ်သည့် ကုန်ပစ္စည်းများကို ခွဲဝေသုံးစွဲရာတွင် ပြည်သူတရပ်လုံး၏ အကျိုးကိုကြည့်၍ မည်မျှကိုလက်ငင်းစားသုံးမည်၊ မည်မျှကိုရင်းနှီးမြှပ်နှံမည်၊ မည်မျှကို ကလေးသူငယ် နှင့် သက်ကြီးရွယ်အိုများအတွက်ရာထားမည်၊ မည်မျှကိုပြည်သူ တရပ်လုံး၏ကာယ၊ ဉာဏအား တိုး တက်စေရန်အတွက် ခွဲဝေသုံးစွဲမည်ဟု နိုင်ငံ၏စီးပွါးရေး တခုလုံးကိုခြုံ၍ စီမံခန့်ခွဲရမည်ဖြစ်ရာ လုပ်သားများ၏ရပိုင်ခွင့်များသည်၊ ဤသို့စီမံခန့်ခွဲရသည့် ဘောင်အတွင်းတွင်သာရှိရမည်ဟူသောအမြင် သစ်။

(ဂ) ယခုရှေ့ရှုချီတက်နေသည့် ဆိုရှယ်လစ်စနစ်တွင် လုပ်သားတို့၏ထုတ်လုပ် ရေးစွမ်းအားတိုး တက် သမျှကုန်ပစ္စည်းများပိုမိုထုတ်လုပ်နိုင်၍၊ လုပ်သားထုအပါအဝင် ပြည်သူတရပ်လုံး ပိုမိုစားသုံးနိုင်မည့် အပြင်၊ ပိုမိုအရင်းအနှီး စုဆောင်းနိုင်မည်ဖြစ်သဖြင့် လုပ်သားတို့သည် ထုတ်လုပ်ရေး စွမ်းအားပိုသ ထက်ပိုအောင် ကြိုးပမ်းကြရမည်ဟူသောအမြင်သစ်။

လုပ်ငန်းစဉ်သစ်နှင့်ပတ်သက်၍ လုပ်သားပြည်သူအပေါင်းတို့သည်၊ အောက်ပါအတိုင်းကြိုးပမ်း အား ထုတ်ကြရပေလိမ့်မည်-

(က) တိုင်းပြည်တခုလုံး၏ စီးပွါးရေးကို တော်လှန်ရေးကောင်စီက မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်အရ ၊ ချမှတ်သော စီမံကိန်းနှင့် အညီဖြစ်ပေါ်လာစေရန်။

(ခ) အလုပ်သမားများနှင့် တောင်သူလယ်သမားများလုံးဝအလုပ်လက်မဲ့ဖြစ်ခြင်း ၊ သို့မဟုတ် တဝက်တ ပျက်သာ အလုပ်လုပ်ရခြင်းဟူသော အဖြစ်သနစ်များလုံးဝပျောက်ကွယ်သွားစေရန်။

(ဂ) တောနှင့်မြို့အဆင့်အတန်းကွဲပြားမှု တနေ့တခြားလျော့ပါးလာစေရန် ။

(ဃ) လုပ်သားပြည်သူတရပ်လုံး၏ နေထိုင်မှုအဆင့်အတန်း၊ လူမှုရေးအဆင့်အတန်း မှန်မှန်တိုးတက် နေစေရန်။

(င) လုပ်အားပေးခြင်းကို နိမ့်ကျသော အလုပ်ဟုမမြင်ဘဲ၊ မြင့်မြတ်သော၊ အကျိုးရှိသော၊ ဂုဏ်ယူဘွယ် ရာ နှင့် မလုပ်လျှင်မဖြစ်သော အလုပ်ဟုမြင်လာစေရန်။

(စ) လုပ်သားပြည်သူတို့၏ ကျွမ်းကျင်မှုနှင့် ထုတ်လုပ်ရေးစွမ်းအား အမြဲတစေတိုးတက်နေစေရန်။

(ဆ) ပြည်ထောင်စုမြန်မာနိုင်ငံအား နိုင်ငံခြားကျူးကျော်မှုမှ ခုခံကာကွယ်နိုင်ရေးအတွက် အင်အား တောင့်တင်းနေစေရန်။

စည်းရုံးရေးပုံစံအသစ်နှင့် ပတ်သက်၍ အောက်ပါအတိုင်း နေ့စဉ်နှင့်အမျှ ကြိုးပမ်းနေကြရပေလိမ့်မည်။

(က) စက်ရုံ၊ အလုပ်ရုံ၊ ရုံးစသည့် လုပ်ငန်းဌာနတခုစီအတွင်းတွင် သော်လည်းကောင်း၊ ဒေသတခုအ တွင်းတွင် သော်လည်းကောင်း၊ မြို့နယ် တခုအတွင်းတွင်သော်လည်းကောင်း၊ ပြည်ထောင်စုတခုလုံး အတွင်းတွင်သော်လည်း ကောင်း အလုပ်သမားတိုင်းသည် စီးပွါးဘက်များအဖြစ် အချင်းချင်း ညီရင်း အစ်ကို ရဲဘော်ရဲဘက်များကဲ့သို့ စိတ်ထား၍ ချစ်ခင်ရင်းနှီးညီညွတ် စွာတခုတည်း သောပြည်သူ့အလုပ် သမားအဖွဲ့အတွင်း စုစည်းကြရန်။

Myanmar Law Information System (MLIS)

(ခ) အလုပ်သမားထုတရပ်လုံးနှင့် တောင်သူလယ်သမားထုတရပ်လုံး ခိုင်မြဲစွာမဟာမိတ်ပြုကြရန်။

(ဂ) အလုပ်သမားနှင့်တောင်သူလယ်သမားတို့၏ မဟာမိတ်ပြု မှုကိုမဏ္ဍိုင်ထား၍တမျိုးသားလုံး စည်းရုံးညီညွတ်ကြရန်။

၄။ ။ အထက်ဖော်ပြပါ ရည်ရွယ်ချက်များကိုဖြစ်မြောက်စေရန်အတွက် တော်လှန်ရေးကောင်စီ၏ ဦး ဆောင်မှုဖြင့် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီက ပြည်သူ့အလုပ်သမား ကောင်စီကိုဖွဲ့စည်းလိုက်သည်။

## အခန်း ၂။

## အဖွဲ့အစည်းတွင်ပါဝင်မည့်သူများနှင့် အဓိပ္ပါယ်ဖွင့်ဆိုချက်။

၅။ ။ (၁) အလုပ်သမားတိုင်းသည်၊ ပြည်သူ့အလုပ်သမားကောင်စီဝင်ဖြစ်သည်။

(၂) "အလုပ်သမား" ဆိုသည်မှာ၊ မိမိ၏ကာယအား၊ ဉာဏအားကိုအသုံးပြုလုပ်ကိုင်၍ ရရှိသော လုပ်ခ ဖြင့် အသက်မွေးဝမ်းကျောင်းမှုပြုနေရသူ လုပ်သားပြည်သူ အားလုံးပင်ဖြစ်သည်။ ကုန်ထုတ်အရင်းအနှီး နှင့် ကုန်ထုတ်သော ကိရိယာပိုင်ဆိုင်မှုကို အကြောင်းပြု၍ အခြားသူများ၏ လုပ်အားကိုခေါင်း ပုံဖြတ် ကာ နေထိုင်စားသောက်သောသူများနှင့် ကွဲပြားခြားနားသည်။

၆။ ။ (၁) ပြည်သူ့အလုပ်သမားကောင်စီများကို အခြေခံတွင် လုပ်ငန်းဌာနအလိုက်ဖွဲ့စည်းရန်ဖြစ်သည်။

(၂) "လုပ်ငန်းဌာန "ဆိုသည်မှာ၊ သတ္တုတွင်း၊ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်စခန်း စသည့် ကုန်ထုတ်လုပ် ငန်းဌာနများနှင့် ရုံး၊ဈေး၊ ဈေးဆိုင်၊ ကျောင်း၊ ဆေးရုံ၊ သင်္ဘောဆိပ်၊ လေဆိပ်၊ ဘူတာရုံ စသော ဝန်ထမ်း လုပ်ငန်းဌာနများကို ဆိုလိုသည်။

၇။ ။ "အခြေခံဌာနခွဲ" ဆိုသည်မှာ၊ အခြေခံပြည်သူ့ အလုပ်သမားကောင်စီ ဝင်များကိုအလုပ်သမား များက ရွေးချယ်တင်မြှောက်ရာ၌ အလုပ်သမားများကို စုစည်းထားသော ဆန္ဒပေးရာနယ်ဖြစ်သည်။ စက်ရုံ ၊ အလုပ်ရုံကြီးများတွင် လုပ်ငန်းဌာနသဘောအရ သတ်မှတ်ထားသောအလုပ်ဌာနခွဲများ အလိုက် သော်လည်းကောင်း၊ စက်ရုံ၊ အလုပ်ရုံ၊ ရုံးတစ်ခုချင်းအလိုက်သော်လည်းကောင်း၊ စက်ရုံ၊ အလုပ်ရုံ ကလေးများစုပေါင်းထားသည့်အလိုက် သော်လည်းကောင်း၊ အလုပ်ဌာန အတည်တကျမ ရှိသည့် ကျဖမ်း အလုပ်သမားများအတွက် စုစည်းထားမှုအလိုက် သော်လည်းကောင်း ပြည်သူ့အလုပ်သမား ကောင် စီစည်းရုံးမှုသဘောအရ ခေါ်ဝေါ်ခြင်းဖြစ်သည်။

၈။ "အခြေခံဌာနခွဲ ကိုယ်စားလှယ်"၊ သို့မဟုတ် "အခြေခံဌာနခွဲဆပ်ကော်မီတီ" ဆိုသည်မှာ၊ အခြေခံ ပြည်သူ့အလုပ်သမားကောင်စီသို့အခြေခံဌာနခွဲရှိ အလုပ်သမားများက ရွေးချယ်တင်မြှောက်ခြင်း ခံရသူ များဖြစ်သည်။ အခြေခံဌာနခွဲတခုတွင် ထိုသို့ ရွေးချယ်ခံရသူတဦးမှ နှစ်ဦးပါရှိပါက၊ အခြေခံဌာနခွဲ ကိုယ်စားလှယ်ဟူ၍လည်းကောင်း၊ သုံးဦးမှအထက်ပါရှိက အခြေခံဌာနခွဲ ဆပ်ကော်မီတီဟူ၍လည်း ကောင်း သတ်မှတ်ခေါ်ဝေါ်ခြင်းဖြစ်သည်။

၉။ ။ "ရေးရာဆပ်ကော်မီတီ" ဆိုသည်မှာ၊ ပြည်သူ့အလုပ်သမားကောင်စီအဆင့်ဆင့်တွင်ရှိသော အလုပ် အမှုဆောင်ကော်မီတီ၏လက်အောက်၌ အလုပ်အမှုဆောင်ကော်မီတီကို ကူညီဆောင်ရွက်ရန် စည်းရုံးရေး

လုပ်ငန်းသဘောအရ ဖွဲ့စည်းထားသော စည်းရုံးရေးဆပ်ကော်မီတီ၊ ကုန်ထုတ်လုပ်မှု တိုးတက်ရေး ဆပ်ကော်မီတီ စသည်တို့ကို ဆိုလိုသည်။

၁၀။ ။ "လုပ်ငန်းဆပ်ကော်မီတီ"ဆိုသည်မှာ၊ မြို့နယ်နှင့်ဗဟိုပြည်သူ့အလုပ်သမားကောင်စီအဆင့်တွင်ရှိ သော အလုပ်အမှုဆောင်ကော်မီတီ၏ လက်အောက်၌အလုပ်အမှုဆောင်ကော်မီတီ အားကူညီဆောင် ရွက်ရန် နှင့် လုပ်ငန်းဌာန အလိုက်အတတ်ပညာဆိုင်ရာ အကြံဉာဏ်များပေးရန် ဖွဲ့စည်းထားသော စက် မှုလုပ်ငန်းဆပ်ကော်မီတီ၊ သတ္တုတွင်းလုပ်ငန်း ဆပ်ကော်မီတီစသည်တို့ကိုဆိုလိုသည်။

**အခန်း ၃။**

**ပြည်သူ့အလုပ်သမားကောင်စီဝင်များ၏ ရပိုင်ခွင့် များ၊ ကျင့်ဝတ်များနှင့် စောင့်ထိန်းလိုက်နာရမည့်စည်းကမ်းများ။**

**ပြည်သူ့ အလုပ်သမားကောင်စီဝင်တိုင်း၏ရပိုင်ခွင့်များ။**

၁၁။ ။ပြည်သူ့အလုပ်သမားကောင်စီဝင်တဦးသည်-

(က) မိမိနှင့်သက်ဆိုင်သော ပြည်သူ့အလုပ်သမားကောင်စီ ဆန္ဒပေးပွဲများတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိ သည့်ပြင်၊ နည်းဥပဒေ ၄၀ (၂) အရ၊ ဗဟိုပြည်သူ့အလုပ်သမားကောင်စီက ထုတ်ပြန်သည့်ညွှန်ကြားချက် များနှင့်အညီ အရွေးခံနိုင်ခွင့်ရှိသည်။

(ခ) မိမိတက်ရောက်ခွင့်ရှိသော ပြည်သူ့အလုပ်သမားကောင်စီ ဆွေးနွေးပွဲများတွင်၎င်း ၊ အစည်းအဝေး များတွင်၎င်း လွတ်လပ်စွာပါဝင်ဆွေးနွေးနိုင်ခွင့်၊ အကြံပေးတင်ပြနိုင်ခွင့်ရှိသည်။

(ဂ) မိမိနှင့်သက်ဆိုင်သော ပြည်သူ့အလုပ်သမားကောင်စီသို့ အလုပ်သမားရေးရာကိစ္စရပ်များ၊ စီမံခန့် ခွဲမှုနှင့် သက်ဆိုင်သည့် ကိစ္စရပ်များ၊ စီမံကိန်းရေးရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ အကြံပေး တင်ပြနိုင် ခွင့်ရှိ သည်။ မိမိတင်ပြချက်ကို သက်ဆိုင်ရာ ပြည်သူ့အလုပ်သမားကောင်စီမှ အရေးယူဆောင် ရွက် ခြင်းမပြု လျှင်၊ သို့မဟုတ် အရေးယူဆောင်ရွက်ချက်ကို မကျေနပ်လျှင် သက်ဆိုင်ရာ အထက်ပြည်သူ့ အ လုပ်သမားကောင်စီများသို့ အဆင့်ဆင့် ဆက်လက်တင်ပြနိုင်ခွင့်ရှိသည်။

**ပြည်သူ့အလုပ်သမားကောင်စီဝင်တိုင်း၏ ကျင့်ဝတ်များ။**

၁၂။ ။ ပြည်သူ့အလုပ်သမားကောင်စီဝင်တဦးသည်-

(က) ပြည်ထောင်စု မြန်မာနိုင်ငံ၏ တရားဥပဒေများကို စောင့်သိရိုသေရမည်။

(ခ) ပြည်သူ့အလုပ်သမားကောင်စီ၏ ရည်ရွယ်ချက်များ၊ လုပ်ငန်းစဉ်များ၊ ဆိုရှယ်လစ်စီးပွါးရေးတည် ဆောက်မှု လုပ်ငန်းများနှင့် မိမိအလုပ်ဌာန၏ ကုန်ထုတ်လုပ်မှုစီမံကိန်းများကိုပြီးမြောက်အောင် ဆိုရှယ် လစ်အသိစိတ်ဓါတ်ဖြင့် တက်ကြွစွာဆောင်ရွက်၍ ကုန်ထုတ်စွမ်းအားမြင့်မားရေးအတွက် ဆိုရှယ်လစ် ယှဉ်ပြိုင်မှုများတွင် ပါဝင်နေရမည်။

(ဂ) ပြည်သူ့အလုပ်သမားကောင်စီ ဖွဲ့စည်းပုံနည်းဥပဒေများ၊ လုပ်ငန်းစဉ်များနှင့် ပြည်သူ့အလုပ် သမားကောင်စီအဆင့်ဆင့်က အခါအားလျော်စွာချမှတ်သော ဆုံးဖြတ်ချက်များကို နီးကြားသော အသိဖြင့် နားလည်သဘောပေါက်စေရန် အစဉ်လေ့လာဆောင်ရွက်နေရမည်။ မိမိ၏ နိုင်ငံရေးအသိဉာဏ် ဗဟုသုတအဆင့်အတန်းမြင့်မားလာစေရေးအတွက် အစဉ်လေ့လာနေရမည့်ပြင်၊ မိမိဆည်းပူးခဲ့သည့်

Myanmar Law Information System (MLIS)

သဘောတရားအသိအမြင်များကို မိမိ၏လုပ်ဖော်ကိုင်ဘက်ရဲဘော်များအား အတတ်နိုင်ဆုံး တဆင့်ဖြန့် ပွါးပေးရမည်။ မိမိ၏နိုင်ငံရေးခံယူချက်၊ ယုံကြည်ချက်များတိုးတက်မြင့်မားလာအောင်အစဉ် အားထုတ် ကြိုးစားနေရမည်။

(ဃ) ပြည်သူ့အလုပ်သမားကောင်စီ၏ စည်းလုံးညီညွတ်မှုကို ထိန်းသိမ်းစောင့်ရှောက်ပြီး၊ ပြည်သူ့အလုပ် သမားကောင်စီဝင် အချင်းချင်း ချစ်ကြည်ရင်းနှီးမှုကို ဆောင်ရွက်ရမည်။

(င) မိမိ၏ ချွတ်ယွင်းမှုနှင့် အမှားများကိုပြင်နိုင်ရန်အတွက် မိမိကိုယ် ကိုအစဉ်ဝေဖန်ဆန်းစစ်နေရမည်။ လုပ်ဖော်ကိုင်ဘက်ရဲဘော်များ၏ ချွတ်ယွင်းမှုနှင့်အမှားများကို ပြင်ဆင်ပေးရာတွင်လည်း ရဲဘော်စိတ်ဖြင့် စိတ်ရှည်စွာ ကူညီရမည်။

(စ) မိမိအကျိုးထက် ပြည်ထောင်စုမြန်မာနိုင်ငံအကျိုး၊ အများအကျိုးကိုရှေ့တန်းတင်သူဖြစ်ရမည်။

(ဆ) မိမိနှင့်သက်ဆိုင်သော ပြည်သူ့အလုပ်သမားကောင်စီ၏ စုစည်းမှုအောက်တွင် တက်ကြွစွာပါဝင်၍ ပြည်သူ့အလုပ်သမားကောင်စီလုပ်ငန်းများကိုထမ်းဆောင်ရာ၌ တဦးကောင်းဆောင်ရွက်မှုမဖြစ်စေဘဲ ၊ အဖွဲ့အစည်းကို ကိုယ်စားပြုသော ဆောင်ရွက်မှုဖြစ်စေရမည်။

(ဇ) ဆိုရှယ်လစ်စနစ်တည်ဆောက်ရေးလုပ်ငန်းများနှင့် ပြည်သူ့အလုပ်သမားကောင်စီအားနှောက်ယှက် ဖျက်ဆီးနေသည့်ရန်သူ၏လှုပ်ရှားမှုများကိုအမြဲစောင့်ကြည့်ပြီး တော်လှန်ရေးသတိရှိနေရမည်။

(ဈ) ပြည်ထောင်စုမြန်မာနိုင်ငံ၏ အချုပ်အချာအာဏာကို ကာကွယ်ထိန်းသိမ်းရန်၊ ပြည်တွင်းပြည်ပ အန္တရာယ်မှန်သမျှကို တွန်းလှန်ရန် နှင့် လုပ်သားပြည်သူများ၏စည်းလုံးညီညွတ်မှုကို ကာကွယ်စောင့် ရှောက်ရန် တာဝန်ရှိသည်။

(ည) ဆိုရှယ်လစ်အရင်းအနှီးများကို ကာကွယ်စောင့်ရှောက်ရန်နှင့် တိုးပွါးအောင်ဆောင်ရွက်ရန်တာဝန် ရှိသည်။

(ဋ) တရားဥပဒေများနှင့်လုပ်ငန်းခွင်စည်းကမ်းများကို တိကျစွာလိုက်နာရန်နှင့် ချိုးဖောက်နှောက်ယှက် မှုများ မဖြစ်ပေါ်ရေးအတွက် ကာကွယ်တားဆီးရန်တာဝန်ရှိသည်။

(ဌ) အလုပ်ခွင်တွင်အလုပ်လုပ်ရာ၌ စံနမူနာပြဖြစ်စေရမည်။မိမိ အသက်မွေးဝမ်းကျောင်း အလုပ်နှင့် သက်ဆိုင်သော အတတ်ပညာပိုင်း၌ ကျွမ်းကျင်အောင် ကြိုးစားဆောင်ရွက်ကာ ကုန်ထုတ်စွမ်း အားတိုး တက်ရေးအတွက် အားသွန်ခွန်စိုက် ကြိုးပမ်းနေရမည်။

(ဍ) ကုန်ပစ္စည်းထုတ်လုပ်ရာတွင် အလေအလွင့်နှင့် အပျက်အစီးများမရှိအောင် တားဆီးကာကွယ်ရ မည်။

(ဎ) အကျင့်သိက္ခာ စောင့်ထိန်းရာတွင် လည်းကောင်း၊ စားဝတ်နေထိုင် ဆက်ဆံရာတွင်လည်းကောင်း ဆိုရှယ်လစ်လုပ်သားကောင်း တယောက်လိုက်နာအပ်သည့် ကျင့်ဝတ်သိက္ခာနှင့်အညီ လိုက်နာကျင့်သုံး ရမည်။စားဝတ်နေထိုင်ရာတွင် ခြိုးခြံချွေတာရေးကို ကျင့်ဝတ်တရပ်ကဲ့သို့ လိုက်နာ ကျင့် သုံးရမည်။

(ဏ) မိမိ၏ ကာယ ဉာဏ လုပ်အားမှ တရားသဖြင့်ရရှိအပ်သော ဝင်ငွေမှ တပါး အခြားဝင်ငွေမရှိစေရ။

**ပြည်သူ့အလုပ်သမားကောင်စီဝင်တိုင်း စောင့်ထိန်းလိုက်နာရမည့် စည်းကမ်းများ။**

၁၃။ ။ ပြည်သူ့ အလုပ်သမားကောင်စီဝင်တဦးသည်-

(က) ပြည်သူ့အလုပ်သမားကောင်စီ၏ ရည်ရွယ်ချက်၊ လုပ်ငန်းစဉ်၊ ကျင့်ဝတ်နှင့် စည်းကမ်းများကို ခံယူစောင့်ထိန်းရမည်။ ဖေါက်ဖျက်လျှင် သက်ဆိုင်ရာ ပြည်သူ့အလုပ်သမားကောင်စီ၏ ဆုံးဖြတ်ချက် ကို နာခံရမည်။

(ခ) ပြည်ထောင်စုမြန်မာနိုင်ငံ၏ လျှို့ဝှက်ချက်နှင့် ပြည်သူ့အလုပ်သမားကောင်စီ၏ လျှို့ဝှက်ချက်များကိုစောင့်ထိန်းရမည်။

(ဂ) ပြည်သူ့အလုပ်သမားကောင်စီ၏ အရှိန်အဩဇာနှင့် မိမိတာဝန်ယူဆောင်ရွက်နေရသော ကောင်စီ၏ လုပ်ပိုင်ခွင့်များကို မိမိကိုယ်ကျိုးအတွက် အလွဲသုံးစားပြုခြင်းမှ ရှောင်ကြဉ်ရမည်။

(ဃ) မိမိတက်ရောက်ခွင့်ရှိသော ပြည်သူ့အလုပ်သမားကောင်စီ အစည်းအဝေးများ၊ ဆွေးနွေးပွဲများသို့ မှန်မှန်တက်ရောက်ရမည်။

(င) မိမိနှင့်သက်ဆိုင်သော ပြည်သူ့အလုပ်သမားကောင်စီတွင် တက်ကြွစွာပါဝင်၍ မိမိအားပေးအပ်သော တာဝန်ရပ်များကိုတိကျစွာ လိုက်နာဆောင်ရွက်ရမည်။

(စ) ကောင်စီတွင်းဂိုဏ်းခွဲခြင်း၊ အုပ်စုဖွဲ့ခြင်းကိုရှောင်ကြဉ်ရမည်။ အနည်းစုသည်၊ အများစု၏ ဆုံးဖြတ် ချက်ကို လိုက်နာခြင်းနှင့် အများစုသည်၊အနည်းစု၏ ဆန္ဒကို လေးစားခြင်းဟူသော စုပေါင်း ဆောင်ရွက် သည့် နည်းစနစ်ကိုသာလျှင်ကျင့်သုံးရမည်။

(ဆ) ပြည်သူပိုင်၊ သမဝါယမပိုင်နှင့် ပုဂ္ဂလိကပိုင် ကုန်ထုတ်အရင်းအနှီးများ၊ ကိရိယာများနှင့် ကုန်ပစ္စည်းများကိုထိန်းသိမ်းစောင့်ရှောက်ရမည်။

(ဇ) ရပ်ရွာစည်းကမ်း၊ ပြည်သူ့အလုပ်သမားကောင်စီ၏ စည်းကမ်း၊ အလုပ်ခွင်စည်းကမ်းနှင့် တရား ဥပဒေစောင့်ထိန်းရန် စည်းကမ်းများကို တိကျစွာလိုက်နာဆောင်ရွက်ရမည်။

(ဈ) မတရားစီးပွါးရှာခြင်းနှင့် လာဘ်ပေးလာဘ်ယူ ပြုလုပ်ခြင်းတို့ကိုလုံးဝရှောင်ကြဉ်ရမည်။

## အခန်း ၄။

## ပြည်သူ့အလုပ်သမားကောင်စီအဆင့်ဆင့်။

၁၄။ ။ ပြည်သူ့အလုပ်သမားကောင်စီ ဖွဲ့စည်းရေးပုံစံသည်နောက်ဆက်တွဲ (က) ပါ ပုံစံအတိုင်း ဖြစ်သည်။

**အခြေခံပြည်သူ့အလုပ်သမားကောင်စီ။**

၁၅။ ။ (၁) အခြေခံပြည်သူ့အလုပ်သမားကောင်စီများကို ဗဟိုအလုပ်အမှုဆောင်ကော်မီတီက သတ် မှတ် သောဒေသအတွင်း လုပ်ငန်းဌာနအလိုက် ဖွဲ့စည်းရမည်။ အချို့လုပ်ငန်းဌာနများတွင် အလုပ်သမားဦး ရေနည်းနေလျှင်၊ သတ်မှတ်သောဒေသအတွင်း ယင်းသို့သော လုပ်ငန်းဌာနများကိုစုပေါင်း၍ အခြေခံ ပြည်သူ့အလုပ်သမားကောင်စီကိုဖွဲ့စည်းရမည်။ အချို့လုပ်ငန်းဌာနများတွင် အလုပ်သမားဦးရေလုံ လောက်လျှင်၊ ယင်းလုပ်ငန်းဌာန တခုတည်းတွင်ပင် အခြေခံပြည်သူ့ အလုပ်သမားကောင်စီကို ဖွဲ့စည်းရမည်။ သတ်မှတ်သောဒေသအတွင်း မည်သည့်လုပ်ငန်းဌာနတခု၊ သို့မဟုတ် တခုတွင်မဆို အခြေခံပြည်သူ့ အလုပ်သမားကောင်စီများ ဖွဲ့စည်းရမည်ဟု ဗဟိုအလုပ်အမှုဆောင် ကော်မီတီကအခါ အားလျော်စွာ သတ်မှတ်ပေးရမည်။

(၂) ဗဟိုအလုပ်အမှုဆောင်ကော်မီတီသည်၊ အခြေခံပြည်သူ့အလုပ်သမားကောင်စီ ဖွဲ့စည်းရမည့် လုပ်ငန်း ဌာနတခု၊ သို့မဟုတ် တစုအတွင်းတွင် အခြေခံဌာနခွဲများကိုလည်း သတ်မှတ်ပေးရမည်။ ယင်းသို့ သတ်မှတ်ရာ၌

လုပ်ငန်းအလိုက် (ဥပမာ သမိုင်းချည်စက်တွင် စက်ဌာနခွဲ၊ ရက်ကန်းဌာနခွဲ) အလုပ် သမားဦးရေ ၁၀ ဦး ထက်မနည်းရှိလျှင် အခြေခံဌာနခွဲတခုအဖြစ် သတ်မှတ်နိုင်သည်။

(၃) ယင်းအခြေခံဌာနခွဲတခုစီရှိ အလုပ်သမားများသည်၊ မိမိတို့အထဲမှ အခြေခံပြည်သူ့အလုပ်သမား ကောင်စီသို့ ကိုယ်စားလှယ်များ ရွေးချယ်စေလွှတ်ရမည်။ ယင်းသို့ ရွေးချယ်ရာတွင်-

| | | | |
|---|---|---|---|
| (က) | အလုပ်သမားဦးရေ ၁၀ ဦးထက်နည်း၍ ရှိသောလုပ်ငန်း အလိုက် ဌာနခွဲများကိုပူးပေါင်း၍၊ အလုပ်သမား ၁၀ ဦးရှိလျှင် ကိုယ်စားလှယ် | ---- ---- | ၁ ဦး၊ |
| (ခ) | အလုပ်သမား ၁၁ ဦး မှ ၅၀ ဦးအတွင်းရှိလျှင် ကိုယ်စားလှယ် | ---- ---- | ၂ ဦး၊ |
| (ဂ) | အလုပ်သမား ၅၁ ဦးမှ ၇၅ ဦးအတွင်းရှိလျှင်ကိုယ်စားလှယ် | ---- ---- | ၃ ဦး၊ |
| (ဃ) | အလုပ်သမား ၇၆ ဦးမှ ၁၀၀ ဦးအတွင်းရှိလျှင်ကိုယ်စားလှယ် | ---- ---- | ၄ ဦး၊ |
| (င) | အလုပ်သမား ၁၀၁ ဦးမှ ၃၀၀ ဦးအတွင်းရှိလျှင် ကိုယ်စားလှယ် | ---- ---- | ၅ ဦး၊ |
| (စ) | အလုပ်သမား ၃၀၁ ဦးမှ ၅၀၀ ဦးအတွင်းရှိလျှင် ကိုယ်စားလှယ် | ---- ---- | ၆ ဦး၊ |
| (ဆ) | အလုပ်သမား ၅၀၁ ဦးမှ ၇၅၀ ဦးအတွင်းရှိလျှင် ကိုယ်စားလှယ် | ---- ---- | ၇ ဦး၊ |

(ဇ) အလုပ်သမား ၇၅၁ ဦးမှ အထက်ရှိလျှင် ကိုယ်စားလှယ် ၈ ဦး စီရွေးချယ်ရမည်။

(၄) အခြေခံပြည်သူ့အလုပ်သမားကောင်စီတွင် ပါဝင်ရမည့်ကောင်စီဝင်ဦးရေတွင် သုံးပုံနှစ်ပုံသည် နည်း ဥပဒေခွဲ (၃) အရ ရွေးချယ်ခံရသူများဖြစ်စေ၍၊ သုံးပုံတပုံသည် တော်လှန်ရေးကောင်စီက ရွေးချယ် ခန့်အပ်သူများဖြစ်စေရမည်။

(၅) နည်းဥပဒေခွဲ(၃) နှင့် (၄) ပါအတိုင်းရွေးချယ်သော ကိုယ်စားလှယ်အားလုံးသည်၊ အခြေခံပြည်သူ့အလုပ်သမားကောင်စီဝင်များဖြစ်သည်။

Myanmar Law Information System (MLIS)

၁၆။ ။ (၁) အခြေခံပြည်သူ့အလုပ်သမားကောင်စီ အစည်းအဝေးတခုနှင့် တခုအကြားတွင် ယင်းကောင် စီကချမှတ်ပေးသော ပေါ်လစီအတိုင်း နေ့စဉ်လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ရန်အ တွက်အခြေခံ အလုပ်အမှုဆောင်ကော်မီတီ တရပ်ကို အခြေခံပြည်သူ့အလုပ်သမားကောင်စီကမိမိ၏ ကောင်စီဝင်များအ ထဲမှ ရွေး ချယ်ဖွဲ့စည်းရမည်။

(၂) ယင်းအခြေခံအလုပ်အမှုဆောင် ကော်မီတီတွင် ကော်မီတီ ဝင်ဦးရေမည်မျှပါဝင်ရမည်၊ တာဝန်များ ကို မည်သို့ခွဲဝေရမည်ကို ဗဟိုအလုပ်အမှုဆောင်ကော်မီတီက အခါအားလျော်စွာ သတ်မှတ်ပေးရမည်။ ထို့ပြင်လိုအပ်လျှင် ရေးရာဆပ်ကော်မီတီများကိုလည်း အခြေခံပြည်သူ့အလုပ်သမားကောင်စီ ဝင်များနှင့် ကျွမ်းကျင်သူများဖြင့် ဖွဲ့စည်းပေးနိုင်သည်။

၁၇။ ။ အခြေခံဌာနခွဲ တခုစီမှ ရွေးချယ်သော ကိုယ်စားလှယ်များသည်၊ အခြေခံအလုပ်အမှု ဆောင်ကော် မီတီ၏ လက်အောက်တွင် သက်ဆိုင်ရာ အခြေခံဌာနခွဲ အတွက်အလုပ်သမားရေးရာ ကိစ္စရပ်များကို တာဝန်ခံဆောင် ရွက်ရမည့်အခြေခံဌာနခွဲကိုယ်စားလှယ်၊ သို့မဟုတ် အခြေခံဌာနခွဲဆပ်ကော်မီတီဝင်များ လည်း ဖြစ်ရမည်။

**မြို့နယ်ပြည်သူ့အလုပ်သမားကောင်စီ။**

၁၈။ ။ (၁) မြို့နယ်တခုတွင် အခြေခံပြည်သူ့ အလုပ်သမားကောင်စီတိုင်းက ရွေးချယ်သော ကိုယ်စား လှယ်များနှင့် တော်လှန်ရေးကောင်စီကခန့်အပ်သော ကိုယ်စားလှယ်များပါဝင်၍ မြို့နယ်ပြည်သူ့အလုပ် သမားကောင်စီကိုဖွဲ့စည်းရမည်။

(၂) အခြေခံပြည်သူ့အလုပ်သမားကောင်စီများကိုဖွဲ့စည်းရာတွင် အခြေခံဌာနခွဲများရှိ အလုပ်သမားဦးရေ အပေါ်မှီ၍ ကိုယ်စားလှယ်အရေအတွက် သတ်မှတ်ကာ ရွေးချယ်သော်လည်း၊ အလုပ်သမားဦးရေနည်း သောအခြေခံဌာနခွဲများမှ ကိုယ်စားလှယ်များပါဝင်နိုင်အောင်စီစဉ်ထားသဖြင့် အခြေခံပြည်သူ့အလုပ် သမား ကောင်စီဝင်ဦးရေနှင့် ယင်းကောင်စီဖွဲ့စည်းရာ အခြေခံဌာနခွဲများအားလုံးရှိ အလုပ်သမားဦးရေ အချိုးအစားသည်၊ အခြေခံပြည်သူ့အလုပ်သမားကောင်စီတိုင်းအတွက် ထပ်တူထပ်မျှဖြစ်မည် မဟုတ် ပေ။ ထို့ကြောင့်အခြေခံပြည်သူ့အလုပ်သမားကောင်စီများက မြို့နယ်ပြည်သူ့ အလုပ်သမားကောင်စီတွင် ပါဝင်ရန်ကိုယ်စားလှယ်များ ရွေးချယ်သောအခါ၊ အခြေခံပြည်သူ့ အလုပ်သမားကောင်စီဝင်များ၏ ဦးရေ အပေါ်မှီ၍ မရွေးချယ်ဘဲ၊ ယင်းအခြေခံကောင်စီဖွဲ့စည်းရာ အခြေခံဌာနခွဲများရှိ အလုပ်သမားဦးရေ အပေါ်တွင်တိုက်ရိုက်မှီ၍ ရွေးချယ်မှသာ တရားမျှတမည်ဖြစ်သည်။ ထို့ကြောင့် အခြေခံ ပြည်သူ့အလုပ် သမားကောင်စီတိုင်းက မြို့နယ်ပြည်သူ့အလုပ်သမားကောင်စီတွင် ကောင်စီဝင်အဖြစ် ပါဝင်ရန် ကိုယ်စား လှယ်များ ကိုအောက်ပါအတိုင်း ရွေးချယ်ရမည်။

အခြေခံပြည်သူ့အလုပ်သမားကောင်စီဖွဲ့စည်းရာ အခြေခံဌာနခွဲများအားလုံးအတွင်းရှိ အလုပ်သမားဦး ရေအနည်းအများအလိုက်အောက်ပါအတိုင်းကိုယ်စား လှယ်များရွေးချယ်စေလွှတ်ရမည်-

(က) အလုပ်သမား ၁၀၀ မပြည့်သည့်လုပ်ငန်းဌာနများကို စုပေါင်း၍ အလုပ်သမား ၁ ဦး၊

| | | | | | |
|---|---|---|---|---|---|
| | ၁၀၀ရှိလျှင် ကိုယ်စားလှယ် | ---- | ---- | ---- | |
| (ခ) | အလုပ်သမား ၁၀၁ ဦးမှ ၅၀၀ အတွင်းရှိ လျှင်ကိုယ်စားလှယ် | ---- | ---- | ---- | ၂ ဦး၊ |
| (ဂ) | အလုပ်သမား ၅၀၁ ဦးမှ ၁,၀၀၀ အတွင်းရှိလျှင်ကိုယ်စားလှယ် | ---- | ---- | ---- | ၃ ဦး၊ |
| (ဃ) | အလုပ်သမား ၁,၀၀၁ ဦးမှ ၂,၀၀၀ အတွင်းရှိလျှင် ကိုယ်စား လှယ် | ---- | ---- | ---- | ၄ ဦး၊ |
| (င) | အလုပ်သမား ၂,၀၀၁ ဦးမှ ၃,၀၀၀ အတွင်းရှိလျှင် ကိုယ်စား လှယ် | ---- | ---- | ---- | ၅ ဦး၊ |
| (စ) | အလုပ်သမား ၃,၀၀၁ ဦးမှ ၄,၀၀၀ အတွင်းရှိလျှင်ကိုယ်စား လှယ် | ---- | ---- | ---- | ၆ ဦး၊ |
| (ဆ) | အလုပ်သမား ၄,၀၀၁ ဦးမှ ၅,၀၀၀ အတွင်းရှိလျှင်ကိုယ်စား လှယ် | ---- | ---- | ---- | ၇ ဦး၊ |
| (ဇ) | အလုပ်သမား ၅,၀၀၁ ဦးမှ ၆,၀၀၀ အတွင်းရှိလျှင်ကိုယ်စား လှယ် | ---- | ---- | ---- | ၈ ဦး၊ |
| (ဈ) | အလုပ်သမား ၆,၀၀၁ ဦးမှ ၇,၀၀၀ အတွင်းရှိလျှင်ကိုယ်စား လှယ် | ---- | ---- | ---- | ၉ ဦး၊ |
| (ည) | အလုပ်သမား ၇,၀၀၁ ဦးမှအထက်ရှိလျှင် ကိုယ်စားလှယ် | ---- | ---- | ---- | ၁၀ ဦး။ |

(၃) နည်းဥပဒေခွဲ (၂) ပါကိုယ်စားလှယ်များကိုရွေးချယ်သည့် အဖွဲ့အစည်းမှာ အခြေခံပြည်သူ့အလုပ် သမားကောင်စီဖြစ်၍ အရွေးချယ်ခံရသူများသည်၊ အခြေခံပြည်သူ့ အလုပ်သမားကောင်စီဝင်များဖြစ် ရမည်။

(၄) မြို့နယ်ပြည်သူ့အလုပ်သမားကောင်စီတွင် ပါဝင်ရမည့်ကောင်စီဝင်ဦးရေတွင် သုံးပုံနှစ်ပုံသည်၊ နည်း ဥပဒေခွဲ (၂)အရ၊ ရွေးချယ်ခံရသူများဖြစ်စေ၍၊ သုံးပုံတပုံသည်၊ တော်လှန်ရေးကောင်စီကရွေးချယ်ခန့် အပ်သူများဖြစ်စေရမည်။

၁၉။ ။ မြို့နယ်ပြည်သူ့အလုပ်သမားကောင်စီအစည်းအဝေးတခုနှင့်တခု အကြားတွင်ယင်း ကောင်စီကချ မှတ်ပေးသော ပေါ်လစီအတိုင်းနေ့စဉ်လုပ်ငန်းများကို ဆောင်ရွက်ရန်အတွက်မြို့နယ် အလုပ်အမှုဆောင် ကော်မီတီတရပ်ကို မြို့နယ်ပြည်သူ့အလုပ်သမားကောင်စီက မိမိ၏ကောင်စီဝင်များထဲမှရွေးချယ်ဖွဲ့စည်း ရမည်။

၂၀။ မြို့နယ်အလုပ်အမှုဆောင်ကော်မီတီသည်၊ မိမိအားကူညီဆောင်ရွက်ရန်အတွက် ရေးရာဆပ်ကော်မီ တီများကို မြို့နယ်အလုပ်အမှုဆောင် ကော်မီတီဝင်များ နှင့် မြို့နယ်ပြည်သူ့အလုပ်သမားကောင်စီဝင်များ ဖြင့်ဖွဲ့စည်းရမည်။

၂၁။ ။မြို့နယ်အလုပ်အမှုဆောင်ကော်မီတီသည်၊ မြို့နယ်အတွင်းရှိထူးခြားသည့် ကုန်ထုတ်လုပ်ငန်းနှင့်ပတ်သက်၍ မိမိအားကူညီဆောင်ရွက်ရန်အတွက် လုပ်ငန်းဆပ်ကော်မီတီများကို မြို့နယ်အလုပ်အမှုဆောင်ကော်မီတီဝင်များ၊ မြို့နယ်ပြည်သူ့အလုပ်သမားကောင်စီဝင်များ၊
အခြေခံပြည်သူ့အလုပ်သမားကောင်ဝင်စီများနှင့်လုပ်ငန်းကျွမ်းကျင်သူများဖြင့် ဖွဲ့စည်းရမည်။

၂၂။ ။ မြို့နယ်အလုပ်အမှုဆောင်ကော်မီတီသည်၊ မိမိ၏နေ့စဉ်ဆောင် ရွက်ရမည့်လုပ်ငန်းများကိုညှိနှိုင်း ဆောင်ရွက်ရန်အတွက် မြို့နယ်အတွင်းရေးမှူးများအဖွဲ့ကို ဖွဲ့စည်းရမည်။

၂၃။ ။ မြို့နယ်ပြည်သူ့အလုပ်သမားကောင်စီသည် -

(က) နည်းဥပဒေ ၁၉ အရ ရွေးချယ်ဖွဲ့စည်းသော မြို့နယ်အလုပ်အမှုဆောင် ကော်မီတီတွင်ပါဝင်ရမည့် ကော်မီတီဝင်ဦးရေသတ်မှတ်ခြင်း၊ တာဝန်များခွဲဝေခြင်း၊ နည်းဥပဒေ ၂၀ အရ ရေးရာဆပ်ကော်မီတီများဖွဲ့စည်းခြင်းနှင့် နည်းဥပဒေ ၂၂ အရ မြို့နယ်အတွင်းရေးမှူးများအဖွဲ့ ဖွဲ့စည်းခြင်းတို့ကို ဗဟိုအလုပ် အမှုဆောင်ကော်မီတီ၏ အတည်ပြုချက်ရယူရမည်။

(ခ) နည်းဥပဒေ၂၁ အရ လုပ်ငန်းဆပ်ကော်မီတီများ ဖွဲ့စည်းရန်အတွက် ဗဟိုအလုပ်အမှုဆောင်ကော်မီ တီ၏ ကြိုတင်သဘောတူညီချက်ကိုရယူရမည်။

**ဗဟိုပြည်သူ့အလုပ်သမားကောင်စီ။**

၂၄။ ။ (၁) မြို့နယ်ပြည်သူ့အလုပ်သမားကောင်စီတိုင်းက ရွေးချယ်သောကိုယ်စားလှယ်များနှင့် တော်လှန် ရေးကောင်စီက ခန့်အပ်သော ကိုယ်စားလှယ်များပါဝင်၍ ဗဟိုပြည်သူ့ အလုပ်သမားကောင်စီကိုဖွဲ့စည်း ရမည်။

(၂) မြို့နယ်ပြည်သူ့အလုပ်သမားကောင်စီတိုင်းက ဗဟိုပြည်သူ့အလုပ်သမားကောင်စီတွင် ကောင်စီဝင် အဖြစ်ပါဝင်ရန်ကိုယ်စားလှယ်များကို အောက်ပါအတိုင်းရွေးချယ်ရမည်။-

မြို့နယ်ပြည်သူ့အလုပ်သမားကောင်စီဝင်ဦးရေ

| | | | |
|---|---|---|---|
| (က) | ၅၀ အတွင်းရှိလျှင် ကိုယ်စားလှယ် | ---- | ၁ ဦး၊ |
| (ခ) | ၅၁ မှ ၁၀၀ အတွင်းရှိလျှင် ကိုယ်စားလှယ် | ---- | ၂ ဦး၊ |
| (ဂ) | ၁၀၁ မှ ၁၅၀ အတွင်းရှိလျှင် ကိုယ်စားလှယ် | | ၃ ဦး |

စသည့်နှုန်းထားများအတိုင်းဖြစ်သည်။

(၃) နည်းဥပဒေခွဲ (၂) ပါကိုယ်စားလှယ်များကိုရွေးချယ်သည့် အဖွဲ့အစည်းမှာ၊ မြို့နယ်ပြည်သူ့ အလုပ်သမားကောင်စီဖြစ်၍ အရွေးချယ်ခံရသူများသည်၊ မြို့နယ်ပြည်သူ့ အလုပ်သမားကောင်စီဝင်များ ဖြစ်ရမည်။

(၄) ဗဟိုပြည်သူ့အလုပ်သမားကောင်စီတွင် ပါဝင်ရမည့် ကောင်စီဝင်ဦးရေတွင် သုံးပုံနှစ်ပုံသည်၊ နည်း ဥပဒေခွဲ (၂) အရ ရွေးချယ်ခံရသူများဖြစ်စေ၍ သုံးပုံတပုံသည်၊ တော်လှန်ရေးကောင်စီကရွေးချယ်ခန့်အပ် သူများဖြစ်စေရမည်။

၂၅။ ။ (၁) ဗဟိုပြည်သူ့အလုပ်သမားကောင်စီ အစည်းအဝေးတခုနှင့်တခုအကြားတွင် ယင်းကောင်စီ ကချမှတ်ပေးသော ပေါ်လစီအတိုင်းနေ့စဉ်လုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် ဗဟိုအလုပ်အမှု ဆောင်ကော်မီတီတရပ်ကိုဗဟိုပြည်သူ့အလုပ်သမားကောင်စီက မိမိ၏ကောင်စီဝင်များထဲမှ ရွေးချယ်ဖွဲ့ စည်းရမည်။

(၂) ဗဟိုအလုပ်အမှုဆောင်ကော်မီတီတွင်ကော်မီတီဝင်ဦးရေ မည်မျှပါဝင်ရမည်ကို ဗဟိုပြည်သူ့အလုပ် သမားကောင်စီကသတ်မှတ်ပေးရမည်။

၂၆။ ။ ဗဟိုအလုပ်အမှုဆောင်ကော်မီတီသည်-

(က) မိမိ၏နေ့စဉ်ဆောင်ရွက်ရမည့် လုပ်ငန်းများကို ညှိနှိုင်းဆောင်ရွက်ရန်အတွက် ဗဟိုအတွင်းရေးမှူး များအဖွဲ့ကို ဖွဲ့စည်းပေးရမည်။

(ခ) လိုအပ်သည့်ရုံးဝန်ထမ်းများကိုလည်း ခန့်အပ်ပေးရမည်။

၂၇။ ။ (၁) ဗဟိုအလုပ်အမှုဆောင်ကော်မီတီသည်၊ မိမိအားအလုပ်သမားရေးရာကိစ္စရပ်များတွင် ကူညီ ဆောင်ရွက်ရန် အတွက် အောက်ပါရေးရာဆပ်ကော်မီတီများကိုဖွဲ့စည်းရမည်-

(က) ဗဟိုစည်းရုံးရေးဆပ်ကော်မီတီ၊

(ခ) ဗဟိုကုန်ထုတ်လုပ်မှု တိုးတက်ရေးဆပ်ကော်မီတီ၊

(ဂ) ဗဟိုစည်းကမ်းထိန်းသိမ်းစောင့်ရှောက်ရေးဆပ်ကော်မီတီ၊

(ဃ) ဗဟိုသက်သာချောင်ချိရေး ဆပ်ကော်မီတီ၊

(င) အခြားလိုအပ်သည့် ရေးရာဆပ်ကော်မီတီများ။

(၂) ဗဟိုအလုပ်အမှုဆောင်ကော်မီတီသည်၊ မိမိအားလုပ်ငန်းဌာနကိစ္စရပ်များတွင် ကူညီဆောင်ရွက် ရန်အတွက် အောက်ပါလုပ်ငန်းဆပ်ကော်မီတီများကို ဖွဲ့စည်းပေးနိုင်သည်-

(က) စက်မှုလုပ်ငန်းဆပ်ကော်မီတီ၊

(ခ) သတ္တုတွင်းလုပ်ငန်းဆပ်ကော်မီတီ၊

(ဂ) သစ်လုပ်ငန်းဆပ်ကော်မီတီ၊

(ဃ) သယ်ယူပို့ဆောင်ရေးလုပ်ငန်းဆပ်ကော်မီတီ၊

(င) ကုန်သွယ်ရေးလုပ်ငန်းဆပ်ကော်မီတီ၊

(စ) ရုံးလုပ်ငန်းဆပ်ကော်မီတီ၊

(ဆ) အခြားလိုအပ်သည့်လုပ်ငန်းဆပ်ကော်မီတီများ။

(၃) နည်းဥပဒေခွဲ (၁) အရ ရေးရာဆပ်ကော်မီတီများကို ဖွဲ့စည်းရာတွင် ဗဟိုအလုပ်အမှုဆောင် ကော်မီ တီဝင်များနှင့် ဗဟိုပြည်သူ့အလုပ်သမားကောင်စီဝင်များပါဝင်ရမည်။

(၄) နည်းဥပဒေခွဲ (၂) အရ လုပ်ငန်းဆပ်ကော်မီတီများကိုဖွဲ့စည်းရာတွင်ဗဟိုအလုပ် အမှုဆောင် ကော်မီတီဝင်များ၊ ဗဟိုပြည်သူ့အလုပ်သမားကောင်စီဝင်များနှင့်ကျွမ်းကျင်သူများ ပါဝင်ရ မည်။

(၅) နည်းဥပဒေခွဲ (၂) အရ ဖွဲ့စည်းသောလုပ်ငန်းဆပ်ကော်မီတီများသည်၊ မိမိတို့အား ဗဟိုအလုပ် အမှုဆောင်ကော်မီတီက သတ်မှတ်ပေးထားသော လုပ်ငန်းတာဝန်များနှင့် ပတ်သက်၍ လေ့လာခြင်း၊ အစီအစဉ်များ ရေးဆွဲခြင်း၊ ဗဟိုအလုပ်အမှုဆောင်ကော်မီတီသို့ အကြံပေးခြင်းနှင့် ဗဟိုအလုပ် အမှု ဆောင်ကော်မီတီက ပေးအပ်သောတာဝန်များကို ဆောင်ရွက်ခြင်း ပြုရမည်။နေ့စဉ် လုပ်ငန်းများနှင့် ပတ်သက်၍ ဗဟိုအတွင်း ရေးမှူး များအဖွဲ့နှင့် ဆက်သွယ်ရမည်။ မြို့နယ်ပြည်သူ့ အလုပ်သမားကောင်စီ များနှင့် တိုက်ရိုက်ဆက်သွယ်ဆောင်ရွက်ခြင်း မပြုရ။

၂၈။ ။ ပြည်သူ့အလုပ်သမားကောင်စီ အဆင့်ဆင့် အထက်အောက်ဆက်သွယ်ပုံမှာ၊ နောက်ဆက်တွဲ (ခ) ပါပုံစံ အတိုင်းဖြစ်သည်။

Myanmar Law Information System (MLIS)

၂၉။ ။ (၁) အခြေခံဌာနခွဲများရှိ အလုပ်သမားများက အခြေခံပြည်သူ့အလုပ်သမားကောင်စီသို့ ကိုယ်စားလှယ်များကိုရွေးချယ်တင်မြှောက်သည်။

(၂) အခြေခံပြည်သူ့ အလုပ်သမားကောင်စီများက မြို့နယ်ပြည်သူ့အလုပ်သမားကောင်စီသို့ ကိုယ်စား လှယ်များကို ရွေးချယ်တင်မြှောက်သည်။

(၃) မြို့နယ်ပြည်သူ့အလုပ်သမားကောင်စီများက ဗဟိုပြည်သူ့အလုပ်သမားကောင်စီသို့ ကိုယ်စားလှယ် များကို ရွေးချယ်တင်မြှောက်သည်။

၃၀။ ။ (၁) ဗဟိုပြည်သူ့အလုပ်သမားကောင်စီ၏ ဆုံးဖြတ်ချက်ကို မြို့နယ်ပြည်သူ့အလုပ်သမား ကောင်စီ နှင့် အခြေခံပြည်သူ့အလုပ်သမားကောင်စီတို့ကလိုက်နာရမည်။

(၂) မြို့နယ်ပြည်သူ့အလုပ်သမားကောင်စီ၏ ဆုံးဖြတ်ချက်ကို အခြေခံပြည်သူ့အလုပ် သမားကောင်စီ များကလိုက်နာရမည်။

(၃) အခြေခံပြည်သူ့အလုပ်သမားကောင်စီ၏ ဆုံးဖြတ်ချက်များကို အခြေခံဌာနခွဲများရှိ အလုပ်သမား များကလိုက်နာရမည်။

၃၁။ ။ ဗဟိုပြည်သူ့အလုပ်သမားကောင်စီသည်၊ တော်လှန်ရေးကောင်စီ၏ဦးဆောင်မှုကိုခံယူသော မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၊ ပါတီစည်းရုံးရေးဗဟိုကော်မီတီ၏ လမ်းညွှန်မှုကို လိုက်နာရမည်။

## အခန်း ၅။
## လုပ်ငန်းတာဝန်များ။

လုပ်ငန်းတာဝန်များနှင့်ပတ်သက်၍ရှင်းလင်းချက်။

၃၂။ ။ ပြည်သူ့အလုပ်သမားကောင်စီများ၏ လုပ်ငန်းတာဝန်များနှင့်ပတ်သက်၍ တိတိကျကျရှင်းလင်း ရန်နောက်ဆက်တွဲ (ဂ) ပါပုံစံတွင် အခြေခံတာဝန်ခွဲဝေမှုကို ဖော်ပြထားပါသည်။ ယင်းပုံစံ၏ သဘောမှာ၊ အောက်ပါအတိုင်းဖြစ်သည်-

(က) လုပ်ငန်းဌာနများသည်၊ ပြည်သူပိုင်ဖြစ်သည်။

(ခ) ပြည်သူတို့အထဲမှအများအကျိုးကို အကောင်းဆုံးဆောင်ရွက်လာပြီး ဆိုရှယ်လစ်သဘောတရားကို လက်ခံသောသူများသည်၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီတွင်ပါဝင်ကြ၍ ယင်းပါတီက တော်လှန်ရေး ကောင်စီ၊ သို့မဟုတ် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၊ ပါတီစည်းရုံးရေး ဗဟိုကော်မီတီကိုတင်မြှောက် လျက် ဦးဆောင်လမ်းပြစေသည်။

(ဂ) မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၏ ဦးဆောင်မှုဖြင့် အစိုးရဝန်ကြီးများအဖွဲ့သည်၊ လုပ်ငန်းဌာနများ ကိုဖော်ထုတ်၍ ကြီးကြပ်လုပ်ကိုင်ကြသည်။

(ဃ) ပြည်သူလူထု၏ အစိတ်အပိုင်းဖြစ်သောအလုပ်သမားတို့သည်၊ လုပ်ငန်းဌာနများတွင် အစိုးရ ကိုယ်စားလှယ်များနှင့် ပူးတွဲကြီးကြပ်လုပ်ကိုင်ကြသည်။

Myanmar Law Information System (MLIS)

(င) အလုပ်သမားများသည်၊ အဆင့်ဆင့်သော ပြည်သူ့အလုပ်သမားကောင်စီများကိုထူထောင်ပြီးလျှင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၊ ပါတီစည်းရုံးရေးဗဟိုကော်မီတီ၏ ဦးဆောင်လမ်းပြမှုကိုခံယူသည်၊ လိုအပ်ချက်များကို တင်ပြသည်။

(စ) အလုပ်သမားများ၏ တင်ပြချက်များကို မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီသည်၊ ဗဟိုပြည်သူ့အလုပ် သမား ကောင်စီနှင့် ညှိနှိုင်းဆောင်ရွက်သည်။

၃၃။ ။ တနည်းအားဖြင့်ဆိုသော်၊ အလုပ်သမားများသည်၊ ပြည်သူလူထု၏ အစိတ်အပိုင်းတရပ်အနေဖြင့် လုပ်ငန်းဌာန များကို ပိုင်ဆိုင်သူဖြစ်သည်ကတဘက်၊ ယင်းလုပ်ငန်းဌာနများတွင် လက်တွေ့လုပ်ကိုင်သူ၊ အကောင် အထည်ဖော်သူအဖြစ်နှင့် ကူညီကြီးကြပ်သူအဖြစ်ကတဘက်၊ နှစ်ဘက်ဒွန်တွဲထားသည်။ ပြည်သူ့အလုပ်သမား ကောင်စီအဆင့်ဆင့်သည်လည်း ဤသို့ဒွန်တွဲလျက်ရှိသော လက္ခဏာနှစ်ရပ်ကို ဆောင်၍ လုပ်ကိုင်ကြရ မည်ဖြစ်သည်။

**အခြေခံပြည်သူ့အလုပ်သမားကောင်စီ။**

၃၄။ ။ အခြေခံပြည်သူ့အလုပ်သမားကောင်စီသည်၊ အလုပ်သမားရေးရာ ကိစ္စများနှင့်ပတ်သက်၍ အောက်ပါ တာဝန်များကိုဆောင်ရွက်ရမည်-

(က) အလုပ်သမားတို့၏သက်သာချောင်ချိရေး၊

(ခ) အလုပ်သမားတို့၏ ပညာရေး၊

(ဂ) အလုပ်သမားတို့၏ တတ်ကျွမ်းမှုနှင့်အသိပညာတိုးပွါးရေး၊

(ဃ) အလုပ်သမားအချင်းချင်းပေါင်းသင်းဆက်ဆံရေး၊

(င) အလုပ်သမားတို့၏သာရေးနာရေး၊

(စ) အလုပ်သမားတဦးစီ၏မကျေနပ်ချက်များကို လေ့လာဖြေရှင်းပေးရေး၊

(ဆ) အလုပ်သမားတို့၏ စည်းကမ်းသေဝပ်ရေး၊

(ဇ) အလုပ်သမားတို့၏ အကျင့်စာရိတ္တကောင်းမွန်ရေး၊

(ဈ)အလုပ်သမားတို့၏ တရားဥပဒေစောင့်ထိန်းရေး။

၃၅။ ။အခြေခံပြည်သူ့အလုပ်သမားကောင်စီသည် ၊ အလုပ်သမားရေးရာနှင့်ပတ်သက်သော တရားဥပဒေ များအရ ပြဋ္ဌာန်းထားသည့်ရပိုင်ခွင့်များနှင့်တာဝန်များကို အလုပ်သမားများရရှိရေးအတွက် လိုအပ် လျှင်၊ မြို့နယ်ပြည်သူ့အလုပ်သမားကောင်စီ၏ အကြံဉာဏ်များကိုတောင်းခံပြီး မြို့နယ်ပြည်သူ့အလုပ် သမားကောင်စီ၏သဘောတူညီချက်ဖြင့် ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့်ဖြစ်စေ၊ ယင်းတို့၏ကိုယ်စားလှယ် များနှင့်ဖြစ်စေ စာချုပ်နိုင်သည်။

၃၆။ ။ အသွင်ကူးပြောင်းရေးကာလတွင် ပုဂ္ဂလိက၊ သမဝါယမနှင့် ပြည်သူပိုင်လုပ်ငန်းဌာနများအတွင်း စီမံခန့်ခွဲမှု။

။လုပ်ငန်းဌာနတခုအတွင်းစီမံခန့်ခွဲရေးနှင့် ပတ်သက်၍ ယင်းလုပ်ငန်းဌာန၏ စီမံခန့်ခွဲ သူများနှင့် အခြေခံအလုပ်အမှုဆောင်ကော်မီတီတို့ပါဝင်၍ ပူးတွဲညှိနှိုင်းရေးအဖွဲ့ကို ဖွဲ့စည်းရမည်၊ ယင်းအဖွဲ့သည်-

(က) အလုပ်ခွင်စီစဉ်မှုများ၊

(ခ) လုပ်ငန်းအစီအစဉ်များ၊

Myanmar Law Information System (MLIS)

(ဂ) လုပ်ချိန်ကန့်သတ်မှုများ၊

(ဃ) လုပ်ငန်းအဆိုင်းရာထားမှုများ၊

(င) လူနေရာချထားမှုများ၊

(စ) တာဝန်တိုးမြှင့်ပေးမှုများ၊

စသည့်လုပ်ငန်းဌာနအတွင်း ကုန်ထုတ်လုပ်ရေးနှင့် ပတ်သက်သည့်ကိစ္စရပ်များနှင့် အလုပ်သမားများ ၏ရပိုင်ခွင့်များကို ညှိနှိုင်းတိုင်ပင်၍ဆောင်ရွက်ရမည်၊ ပြည်သူ့အလုပ် သမားကောင်စီနှင့် စီမံခန့်ခွဲသူတို့အဆင့်ဆင့်တွင်သဘောကွဲလွဲမှုများရှိခဲ့လျှင်၊ အလုပ်မနှောင့်နှေးမပျက်ကွက်စေရန် အတွက် တာဝန် အရှိဆုံးသောစီမံခန့်ခွဲသူ၏ အဆုံးအဖြတ်အတိုင်း ဆက်လက်ဆောင်ရွက် ၍ထို သဘော ကွဲလွဲချက်ကို တော်လှန်ရေးကောင်စီ၊ သို့မဟုတ် တော်လှန်ရေးကောင်စီက တာဝန်လွှဲအပ်ထားသည့် အဖွဲ့ထံ တင်ပြပြီး အဆုံး အဖြတ်ခံယူရမည်။

**ရှင်းလင်းချက်**။ ။ "စီမံခန့်ခွဲသူများ" ဆိုသည်မှာ၊ ပြည်သူပိုင်လုပ်ငန်းဌာနများ နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာလုပ်ငန်းဌာနကို စီမံအုပ်ချုပ်ရန်တာဝန်ရှိသော မန်နေဂျာများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဌာနခွဲဆိုင်ရာအကြီးအကဲများကိုသော်လည်းကောင်း၊ သမဝါယမပိုင် လုပ်ငန်းဌာန များနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာအလုပ်အမှုဆောင်အဖွဲ့၊ လုပ်ငန်းအုပ်ချုပ်သူများကိုသော်လည်းကောင်း၊ ပုဂ္ဂလိကလုပ်ငန်း ဌာန များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာလုပ်ငန်းပိုင်ရှင်၊ ပိုင်ရှင်၏ကိုယ်စား လုပ်ငန်းဌာနများ ကိုစီမံအုပ်ချုပ်ရန် တာဝန်ရှိသူများကိုသော်လည်းကောင်း ဆိုလိုသည်။

၃၇။ ။ တနိုင်ငံလုံးနှင့်ခြုံသည့်စီမံကိန်းအတွင်းမည်သည့်ကုန်ပစ္စည်းမျိုးများကိုမည်မျှထုတ်လုပ်ရမည် ဟူသော ဌာနဆိုင်ရာစီမံကိန်းနှင့် ပတ်သက်သည့် ကိစ္စရပ်များတွင် တော်လှန်ရေးကောင်စီက ဆုံးဖြတ် သည့်အတိုင်းသာဖြစ်ရမည်။ တော်လှန်ရေးကောင်စီသည်၊ စီမံကိန်းများကိုရေးဆွဲ ဆုံးဖြတ်ရာတွင် ပြည်သူ့အလုပ်သမားကောင်စီ၊ ပြည်သူ့တောင်သူလယ်သမား ကောင်စီတို့နှင့် တိုင်ပင်ဆုံးဖြတ်မည်။ တော်လှန်ရေးကောင်စီက သတ်မှတ်သည့်အတိုင်း ကုန်ထုတ်လုပ်ရန်မှာ၊ ပြည်သူ့အလုပ်သမား ကောင်စီ အဆင့်ဆင့်တို့၏တာဝန်ဖြစ်သည်။ တဖက်တွင်ပြည်သူ့အလုပ်သမားကောင်စီအဆင့်ဆင့်သည် အကြံ ဉာဏ်များနှင့် ပြဿနာအရပ်ရပ်ကို တော်လှန်ရေး ကောင်စီထံသို့တင်ပြနိုင်သည်။

**မြို့နယ်ပြည်သူ့အလုပ်သမားကောင်စီ။**

၃၈။ ။မြို့နယ်ပြည်သူ့အလုပ်သမားကောင်စီ၏ တာဝန်များမှာအောက်ပါအတိုင်းဖြစ်သည်-

(က) အခြေခံပြည်သူ့အလုပ်သမားကောင်စီများ၏လုပ်ငန်းများကိုကြီးကြပ်ကွပ်ကဲရန်၊

(ခ) အခြေခံပြည်သူ့အလုပ်သမားကောင်စီများ၏ ပြဿနာများကို ဖြေရှင်းပေးရန်၊

(ဂ) မြို့နယ်အတွင်းရှိအခြေခံပြည်သူ့အလုပ်သမားကောင်စီ များ၏ လုပ်ငန်းများကိုညှိနှိုင်းပေးရန်၊

(ဃ) လုပ်ငန်းအလိုက် သီးခြားဖြစ်ပေါ်နေသောပြဿနာများကို လုပ်ငန်းတူလုပ်ငန်းဌာနများမှ ကိုယ်စားလှယ်များနှင့် ညှိနှိုင်းတိုင်ပင်၍ ဖြေရှင်းပေးရန်၊

(င) တော်လှန်ရေးကောင်စီကသတ်မှတ်ပေးသည့် တာဝန်ဝတ်တရားများကို မိမိတို့ကိုယ်တိုင်သော် လည်းကောင်း၊ အခြေခံပြည်သူ့အလုပ်သမားကောင်စီများက သော်လည်းကောင်း၊ လုပ်ကိုင်နိုင်ရေး အတွက် စီစဉ်ပေးရန်၊

(စ) အလုပ်သမားများ၏ တတ်ကျွမ်းမှုနှင့်အသိပညာတိုးပွါးရေးအတွက်စီစဉ်ပေးရန်၊

(ဆ) အလုပ်သမားတို့၏သက်သာချောင်ချိရေးအတွက် စီစဉ်ပေးရန်။ ဥပမာ - မြို့နယ်အလိုက်စုပေါင်း၍ အပန်းဖြေခရီးလှည့်လည်ရေး စသည်တို့ကို ဗဟိုပြည်သူ့အလုပ်သမားကောင်စီနှင့်ညှိနှိုင်း၍ စီစဉ်ရန်၊

(ဇ) အလုပ်သမားတို့၏ ညီညွတ်ရေးကို ထိန်းသိမ်းပေးရန်၊

(ဈ) မြို့နယ်အတွင်းအလုပ်သမားများနှင့် တောင်သူလယ်သမားတို့ကို၊ စီးပွါးဘက်အဖြစ် ဆက်စပ်မှု ရရှိအောင်စီစဉ်ပေးရန်၊ အလုပ်သမားများနှင့်အခြားပြည်သူလူထုကို ညီညွတ်မှုရရှိအောင်စီ စဉ်ပေးရန်၊

(ည) မြို့နယ်အလိုက်စီးပွါးရေးစီမံကိန်းများအတွက်အချက်အလက်များကို တင်ပြရန်နှင့် အကြံဉာဏ် များပေးရန်။

**ဗဟိုပြည်သူ့အလုပ်သမားကောင်စီ။**

၃၉။ ။ ဗဟိုပြည်သူ့ အလုပ်သမားကောင်စီ၏တာဝန်ဝတ်တရားများမှာ ၊ အောက်ပါအတိုင်းဖြစ်သည်-

(က) မြို့နယ်နှင့်အခြေခံပြည်သူ့အလုပ်သမားကောင်စီများ၏ လုပ်ငန်းများကိုကြီးကြပ်ကွပ်ကဲရန်၊

(ခ) မြို့နယ်နှင့် အခြေခံပြည်သူ့အလုပ်သမားကောင်စီများ၏ ပြဿနာများကို ဖြေရှင်းပေးရန်၊

(ဂ) မြို့နယ်နှင့်အခြေခံပြည်သူ့အလုပ်သမားကောင်စီများကို ညှိနှိုင်းပေးရန်၊

(ဃ) လုပ်ငန်းအလိုက်သီးခြားဖြစ်ပေါ်နေသော ပြဿနာများကို လုပ်ငန်းတူလုပ်ငန်းဌာနများမှ ကိုယ်စားလှယ်များနှင့်ညှိနှိုင်း၍ တနိုင်ငံလုံးအတွက်ဖြေရှင်းပေးရန်၊

(င) တော်လှန်ရေးကောင်စီက သတ်မှတ်ပေးသည့် တာဝန်ဝတ်တရားများကိုမိမိတို့ ကိုယ်တိုင်သော် လည်းကောင်း၊ လက်အောက်ခံအဖွဲ့အစည်းများကသော်လည်းကောင်း လုပ်ကိုင်နိုင်ရေးအတွက် စီစဉ်ပေး ရန်၊

(စ) အလုပ်သမားတို့၏တတ်ကျွမ်းမှုနှင့် အသိပညာတိုးပွါးရေးအတွက်စီစဉ်ပေးရန်၊

(ဆ) အလုပ်သမားတို့၏ သက်သာချောင်ချိရေးအတွက်စီစဉ်ပေးရန်

(ဇ) အလုပ်သမားတို့၏ ညီညွတ်ရေးကိုထိန်းသိမ်းပေးရန်၊

(ဈ) အလုပ်သမားနှင့်တောင်သူလယ်သမားတို့ကို စီးပွါးဘက် အဖြစ်ဆက်စပ်မှုရအောင် စီစဉ်ပေးရန်၊

(ည) အလုပ် သမားတို့၏ ရပိုင်ခွင့်များနှင့်ပတ်သက်၍ တနိုင်ငံလုံးနှင့်ခြုံ သည့်စီမံကိန်းအတွင်း မည်သို့ ရှိသင့်သည်ကို တွက်ချက်၍ တော်လှန်ရေးကောင်စီထံတင်ပြရန်၊

အထူးသဖြင့် -

(၁) လုပ်ခ ၊

(၂) အလုပ်ချိန်၊

(၃) ခွင့်ရက်နှင့်နားရက်၊

(၄) အလုပ်ခွင်လုံခြုံရေး၊

(၅) ဆေးဝါးကုသရေး၊

Myanmar Law Information System (MLIS)

(၆)အိုနာစာအရေး၊

(၇) သာရေး နာရေး၊

(၈) သက်သာချောင်ချိရေး၊

(၉) လူမှုဖူလုံရေး၊

စသည်တို့နှင့် ပတ်သက်၍ တွက်ချက်တင်ပြရန်ဖြစ်သည်။

(ဋ) တနိုင်ငံလုံးနှင့်ခြုံသည့် စီမံကိန်းနှင့် ပတ်သက်၍တော်လှန်ရေးကောင်စီအား အချက်အလက်များ ကိုတင်ပြရန်နှင့်အကြံဉာဏ်ပေးရန်၊

(ဌ) တနိုင်ငံလုံး၏ အလုပ်သမားလှုပ်ရှားမှုများကိုကြီးကြပ်ကွပ်ကဲရန်၊

(ဍ) နိုင်ငံခြားအလုပ်သမားအဖွဲ့များနှင့် သင့်လျော်သလို ဆက်သွယ်ရန်။

**အခန်း ၆။**

**ရွေးကောက်ပုံနည်းစနစ်။**

၄၀။ ။ (၁) ပြည်သူ့အလုပ်သမား ကောင်စီအဆင့်ဆင့်၊ အလုပ်အမှုဆောင်ကော်မီတီ အဆင့်ဆင့်ကို ရွေးကောက်ရာတွင် လိုက်နာရမည့်အခြေခံမူများမှာ၊ အောက်ပါအတိုင်းဖြစ်သည်-

(က) သက်ဆိုင်ရာလုပ်ငန်းဌာနတွင် အလုပ်လုပ်နေသူတိုင်း ဆန္ဒမဲပေးပိုင်ခွင့်ရှိစေရမည်။

(ခ) သက်ဆိုင်ရာလုပ်ငန်းဌာနတွင် အလုပ်လုပ်နေသူများထဲမှ ယင်းဌာနတွင်သော်လည်းကောင်း၊ အခြားလုပ်ငန်းဌာနများတွင် သော်လည်းကောင်း အလုပ်သမားအဖြစ် လုပ်သက်များကိုစုပေါင်း၍ လုပ် သက် အနည်းဆုံး ၁ နှစ်ရှိသောသူများသာ အရွေးချယ်ခံပိုင်ခွင့်ရှိစေရမည်။သို့ရာတွင်ထူးခြားသော အခြေ အနေ များအတွက် ဗဟိုပြည်သူ့အလုပ်သမားကောင်စီက ဤပြဋ္ဌာန်းချက်ကိုလျှော့၍ သတ်မှတ် ပေးနိုင် သည်။

(ဂ) ဆန္ဒမဲပေးသည့်စနစ်မှာ လျှို့ဝှက်ဆန္ဒပေးသည့်စနစ်ဖြစ်ရမည်။

(ဃ) သက်ဆိုင်ရာလုပ်ငန်းဌာနအတွင်း အလုပ်လုပ်ကိုင်နေသည့် အလုပ်သမားများအနက် ဆန္ဒပေးပွဲသို့ တက်ရောက်ဆန္ဒပေးသည့် အလုပ်သမားဦးရေ၏ သုံးပုံတပုံထက်မနည်းသော အလုပ်သမားများက ရွေးကောက်တင်မြှောက်ခြင်းဖြစ်စေရမည်။

(၂) ရွေးကောက်ပုံနည်းစနစ်အသေးစိတ်ကို ဗဟိုပြည်သူ့အလုပ်သမားကောင်စီက အခါကာလ အားလျော်စွာ သီးခြားညွှန်ကြားချက်ထုတ်ပေးရမည်။

**အခန်း ၇။**

**ပြည်သူ့အလုပ်သမားကောင်စီနှင့် အလုပ်အမှုဆောင်ကော်မီတီအဆင့်ဆင့်လုပ်ကိုင်ဆောင်ရွက်ပုံ။**

၄၁။ ။ (၁) ပြည်သူ့အလုပ်သမားကောင်စီ အဆင့်ဆင့်နှင့် အလုပ်အမှုဆောင် ကော်မီတီအဆင့်ဆင့်တို့၏နေ့စဉ်လုပ်ငန်းဆောင်ရွက်ပုံနှင့် ပတ်သက်၍အခြေခံမူများမှာ၊ အောက်ပါအတိုင်းဖြစ်သည်-

Myanmar Law Information System (MLIS)

(က) ပြည်သူ့အလုပ်သမားကောင်စီများသည်၊ ပြည်သူ့အလုပ်သမားကောင်စီရေးရာများနှင့် ပတ်သက်၍ အာဏာပိုင်အဖွဲ့အစည်းများဖြစ်သည်။ အလုပ်အမှုဆောင်ကော်မီတီများသည်၊ ပြည်သူ့အလုပ်သမား ကောင်စီအစည်းအဝေး တခုနှင့်တခုအကြားတွင် ကောင်စီများ၏ကိုယ်စား တာဝန်ခံဆောင်ရွက်ရမည့် အဖွဲ့များဖြစ်သည်။

(ခ) ပြည်သူ့အလုပ်သမားကောင်စီများ၏ အစည်းအဝေးများတွင်ချမှတ်သော ဆုံးဖြတ်ချက်များကို သက်ဆိုင်ရာအလုပ်အမှုဆောင်ကော်မီတီက အကောင်အထည်ဖေါ်ဆောင်ရွက်သွားရမည်။

(ဂ) ပြည်သူ့အလုပ်သမားကောင်စီအဆင့်ဆင့်နှင့် အလုပ်အမှုဆောင်ကော်မီတီအဆင့်ဆင့်အတွင်းတွင် ပုဂ္ဂိုလ်အလိုက် သော်လည်းကောင်း၊ ဆပ်ကော်မီတီအလိုက် သော်လည်းကောင်း တာဝန်ခွဲဝေ ပေးထား သည့် အတိုင်းယင်းပုဂ္ဂိုလ်၊ သို့မဟုတ် ဆပ်ကော်မီတီကတာဝန်ခံစေရမည်။

(ဃ) ပြည်သူ့အလုပ်သမားကောင်စီအဆင့်ဆင့်နှင့်အလုပ်အမှုဆောင်ကော်မီတီအဆင့်ဆင့်သည်၊ ပြဿ နာများကို တညီတညွတ်တည်းဆုံးဖြတ်နိုင်စေရန် အမြဲတမ်းကြိုးပမ်းရမည်။ တညီတညွတ်တည်းမဆုံး ဖြတ်နိုင်မှသာ များရာမဲဖြင့်ဆုံးဖြတ်ရမည်။

(၂) ပြည်သူ့အလုပ်သမားကောင်စီအဆင့်ဆင့်နှင့် အလုပ်အမှုဆောင် ကော်မီတီအဆင့်ဆင့်တို့လုပ်ကိုင် ဆောင်ရွက်ပုံနှင့်ပတ်သက်၍ ဗဟိုပြည်သူ့ အလုပ်သမားကောင်စီက အခါအားလျော်စွာ သီးခြားညွှန် ကြားချက်ကို ထုတ်ပေးရမည်။

**အခန်း ၈ ။**

**အထွေထွေ။**

**ဖြုတ်ချနိုင်ခွင့်။**

၄၂။ ။ (၁) မည်သည့်ကောင်စီဝင်၊ သို့မဟုတ် ကော်မီတီဝင်တဦးအားမဆို လက်ရှိဆန္ဒပေးနိုင်သူများက သုံးပုံနှစ်ပုံထက်မနည်းသော ဆန္ဒမဲဖြင့်ဖြုတ်ချနိုင်သည်-

(က) အခြေခံပြည်သူ့အလုပ်သမားကောင်စီဝင်တဦးကို ယင်းအားရွေးကောက်တင်မြှောက်လိုက်သည့် အခြေခံဌာနခွဲရှိအလုပ်သမားများကဖြုတ်ချနိုင်သည်။

(ခ)မြို့နယ် ပြည်သူ့အလုပ်သမားကောင်စီဝင်တဦးကို ယင်းအားရွေးကောက်တင်မြှောက်သည့် အခြေခံ ပြည်သူ့အလုပ်သမားကောင်စီက ဖြုတ်ချနိုင်သည်။

(ဂ) ဗဟိုပြည်သူ့အလုပ်သမားကောင်စီဝင်တဦးကို ယင်းအားရွေးကောင်တင်မြှောက်လိုက်သည့် မြို့နယ်ပြည်သူ့အလုပ်သမား ကောင်စီကဖြုတ်ချနိုင်သည်။

(ဃ) အလုပ်အမှုဆောင်ကော်မီတီဝင်တဦးကို သက်ဆိုင်ရာ ကောင်စီကဖြုတ်ချနိုင်သည်။

(၂) တော်လှန်ရေးကောင်စီကခန့်အပ်သော ပြည်သူ့အလုပ်သမားကောင်စီအဆင့်ဆင့်တွင်ပါဝင်သူများ အား တော်လှန်ရေးကောင်စီကသာဖြုတ်ချနိုင်သည်။



Myanmar Law Information System (MLIS)

(၃) ဤကိစ္စအတွက် ဗဟိုပြည်သူ့ အလုပ်သမားကောင်စီက သီးခြားညွှန်ကြားချက်ထုတ်ပြန်ပေးရမည်။

**ဗဟိုပြည်သူ့အလုပ်သမားကောင်စီက ဝင်ရောက်ဆောင်ရွက်နိုင်ခွင့်။**

၄၃။ ။ မည်သည့်မြို့နယ်ပြည်သူ့အလုပ်သမားကောင်စီနှင့် အလုပ်အမှုဆောင်ကော်မီတီ၊ သို့မဟုတ် အခြေခံ ပြည်သူ့အလုပ်သမားကောင်စီနှင့် အလုပ်မှုဆောင်ကော်မီတီကိုမဆို-

(က) ရွေးကောက်တင်မြှောက်ရာတွင် အခက်အခဲများရှိနေလျှင်သော်လည်းကောင်း၊

(ခ) ရွေးကောက်တင်မြှောက်ပြီးသောအခါတွင်ကောင်စီ၊ သို့မဟုတ် အလုပ်အမှုဆောင်ကော်မီတီအဖြစ် အလုပ်လုပ်ကိုင်၍ မဖြစ်အောင်အခက်အခဲများရှိနေသည်လျှင် သော်လည်းကောင်း ဗဟိုအလုပ်အမှုဆောင် ကော်မီတီက ကောင်စီအသစ်၊ သို့မဟုတ် ကော်မီတီ အသစ်ကို အစားထိုးဖွဲ့စည်း နိုင်သည်။

ကောင်စီနှင့်အလုပ်အမှုဆောင်ကော်မီတီများ၏သက်တမ်း။

၄၄။ ။ ဗဟိုပြည်သူ့အလုပ်သမားကောင်စီနှင့် အလုပ်အမှုဆောင်ကော်မီတီ၊ မြို့နယ်ပြည် သူ့အလုပ် သမားကောင်စီနှင့် အလုပ်အမှုဆောင်ကော်မီတီ၊ အခြေခံပြည်သူ့အလုပ်သမားကောင်စီနှင့် အလုပ်အမှု ဆောင်ကော်မီတီများ၏ သက်တမ်းကို နိုင်ငံတော်၏ ဆိုရှယ်လစ်စီးပွါးရေး စီမံကိန်းကာလနှင့်အညီ တော်လှန်ရေးကောင်စီက သတ်မှတ်မည်။

**တာဝန်ထမ်းဆောင်သူများအတွက် အာမခံချက်။**

၄၅။ ။ ပြည်သူ့အလုပ်သမားကောင်စီအဆင့်ဆင့်၊ အလုပ်အမှုဆောင်ကော်မီတီအဆင့်ဆင့်၊ အတွင်းရေး မှူးများအဖွဲ့အဆင့်ဆင့်တို့တွင် တာဝန်ထမ်းဆောင်နေသူများသည်၊ အောက်ပါအာမခံချက်များ ကိုရရှိစေ ရမည်-

(က) အချိန်ပြည့်တာဝန်ထမ်းဆောင်သူများအတွက်-

(၁) တာဝန်ကိုထမ်းဆောင်နေစဉ်အတွင်း ဗဟိုပြည်သူ့အလုပ် သမားကောင်စီက ပေးသောလစာများကို သာ ရရှိကြရမည်။

(၂) တာဝန်များကုန်ဆုံးသောအခါ၊ မိမိတို့မူလလုပ်ကိုင်ခဲ့သောလုပ်ငန်းဌာနများတွင်မူလ လုပ်ကိုင်ခဲ့ သော နေရာများ၌ပြန်လည်လုပ်ကိုင်ခွင့် ရရှိကြရမည်။ ထိုအခါသတ်မှတ်သည့် တာဝန်များကိုလုပ်ကိုင် နေ သည့်ကာလအတွင်း မိမိတို့မူလလုပ်ကိုင်ခဲ့သော လုပ်ငန်းဌာနတွင် မူလလုပ်ကိုင်နေသောနေရာများ၌ လုပ်ကိုင် နေ ဘိသကဲ့သို့ ရာထူးတိုးမြှင့်မှု၊ လစာတိုးမြှင့်မှုတို့ကို ခံစား ရ မည်။

(၃) ရွေးကောက်တင်မြှောက်ခြင်း၊ သို့မဟုတ် ခန့်အပ်ခြင်းခံရသည့် အမြင့်ဆုံးအဆင့်တွင်သာ တာဝန် ယူ၍၊ ထိုအဆင့်တွင် ရထိုက်သောလစာသာရရှိရမည်။ ကျန်အခြားနိမ့်သောအဆင့်များ၏ တာဝန်ကို လွှဲပြောင်းပေးရမည်။ယင်းနိမ့်သောအဆင့်တွင် ရရှိနိုင်သည့်လစာကိုမယူရ။

(ခ) အချိန်ပိုင်းတာဝန်ထမ်းဆောင်သူများအတွက်-

(၁) မိမိတို့မူလလုပ်ကိုင်နေသည့် လုပ်ငန်းဌာနများတွင် မူလလုပ်ကိုင်နေသောနေရာများ၌ အလုပ်လုပ် မြဲရှိနေမည်ဖြစ်ရာ၊ ထိုလစာများကိုဆက်လက်ထုတ်ယူနိုင်သည်။

(၂) ဗဟိုပြည်သူ့အလုပ်သမားကောင်စီကပေးသော ထောက်ပံ့ကြေးများကိုရယူနိုင်သည်။

(ဂ) အားလုံးအတွက်-

Myanmar Law Information System (MLIS)

(၁) ပြည်သူ့အလုပ်သမားကောင်စီ အဆင့်ဆင့်၊ အလုပ်အမှုဆောင်ကော်မီတီအဆင့်ဆင့်၏ လုပ်ငန်းများ ကို ဆောင်ရွက်ရန် သွားလာရသည့်အတွက် ခရီးစရိတ်များရရှိရမည်။

(၂) ယင်းတာဝန်များကိုထမ်းရွက်နေစဉ်အတွင်း သက်ဆိုင်ရာပြည်သူ့အလုပ်သမားကောင်စီ၏ သဘော တူညီချက်မရရှိဘဲ၊ မိမိလုပ်ကိုင်နေသောအလုပ်မှ ထုတ်ပယ်ခြင်းမခံစေရ။

၄၆။ ။ ဗဟိုပြည်သူ့အလုပ်သမားကောင်စီသည်၊ ပြည်သူ့အလုပ်သမားကောင်စီအဆင့်ဆင့်၊ အလုပ် အမှုဆောင်ကော်မီတီအဆင့်ဆင့်၊ အတွင်းရေးမှူးများအဖွဲ့ အဆင့်ဆင့်တို့တွင်တာဝန်ထမ်းဆောင် နေသူများအတွက်လစာနှင့်ထောက်ပံ့ကြေးများကို သတ်မှတ်၍ထုတ်ပေးနိုင်သည်။

**အကျိုးသက်ရောက်ခြင်း။**

၄၇။ ။ (၁) အလုပ်သမားဌာန၏ ၁၃၂၆ ခုနှစ်၊ နတ်တော်လဆန်း ၁၄ (၁၉၆၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၈) ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၃၇ ဖြင့်ထုတ်ပြန်ထားသော ၁၉၆၄ ခုနှစ်၊ ပြည်သူ့အလုပ် သမားကောင်စီ ဖွဲ့စည်းပုံနည်းဥပဒေများကို ဤနည်းဥပဒေများဖြင့်ရုပ်သိမ်းလိုက်သည်။

(၂) ယင်းသို့ ရုပ်သိမ်းလိုက်စေကာမူ၊ အဆိုပါရုပ်သိမ်းလိုက်သည့် နည်းဥပဒေများအရ ဆောင်ရွက်ခဲ့ သည့် မည်သည့်ကိစ္စမဆို ဤနည်းဥပဒေများအရ ပြုလုပ်ခဲ့သည့်ကိစ္စဟူ၍မှတ်ယူရမည်။

အမိန့်အရ၊<br>
ဒု- ဗိုလ်မှူးကြီး မျိုးမြင့်၊<br>
အတွင်းဝန်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ၊<br>
အလုပ်သမားဝန်ကြီးဌာန။

----- **Attachment** -----

[ ပူးတွဲဖော်ပြသော စာရင်း 1 ] 01 ဗဟိုပြည်သူ့အလုပ်သမားကောင်စီ၏ ကူးပြောင်းဆဲကာလနောက်ဆက်တွဲ (က)

[ ပူးတွဲဖော်ပြသော စာရင်း 2 ] 02 နောက်ဆက်တွဲ (ခ) ပြည်သူ့အလုပ်သမားကောင်စီ အဆင့်ဆင့်အထက်အောက်ဆက်သွယ်ပုံ

[ ပူးတွဲဖော်ပြသော စာရင်း 3 ] 03 နောက်ဆက်တွဲ (ဂ)ပါတီနှင့်လူထုလူတန်းစားအဖွဲ့အစည်းများဆက်သွယ်ပုံနှင့် လုပ်ငန်းတာဝန်

Myanmar Law Information System (MLIS)